www.burmeseclassic.com

# ကိုကို့အမေ

ခင်ခင်လေး

'ငါသေချင်သေပါစေတော့။ တစ်နည်းနည်းနဲ့ သေရင် အေးတာပါပဲ' ဟု စိတ်ကိုဒုန်းဒုန်းချပြီး ဖြစ်လိုရာဖြစ်ဟု ဖွတ်နှစ်၍ လာခဲ့သော်လည်း မိမိအား စားတော့မလို မျိုတော့မည့်အလား ရုတ်တရက်အားဖြင့် နှိပ်စက်လိုသည့် မျက်နှာသိုးသိုးကြီးတွေနှင့် ဝိုင်းကာကြည့်နေကြသော သင်္ဘောသားများနှင့် ကပ္ပတိန်တို့ကို ရင်ဆိုင်တွေ့ရသည့်အခါ၌ ထိတ်လန့်တုန်လှုပ်သော မျက်နှာထား၊ ကျားရှေ့ရောက်သော ယုန်၊ သူပုန်မှုနှင့်အဖမ်းခံရသော ရွာသားပမာ မျက်နှာကိုအောက်ချလျက် မိမိအတွက် အဘယ်ကဲ့သို့ ရက်စက်စွာ စီရင်ချက်ချလေမည်နည်းဟု ကပ္ပတိန်ကြီး၏ စကားသံကို နားခံ၍နေရသူကား ရုပ်ရည်သနားကမားနှင့် ဘလွင်ဆိုသူ မြန်မာအမျိုးသားကလေးတစ်ယောက် ဖြစ်လေသတည်း။

စိမ်းလဲ့ညိုပြာသော ရေပြင်ကျယ်၊ လှိုင်းလေထန်လှသော သမုဒ္ဒရာ ရေပင်လယ်တွင် မာန်ဖီမောက်ကြွားလျက် ကြီးမားလှသော လှိုင်းတံပိုးကြီးများမှာ တစ်ခုထက်တစ်ခု သာအောင် နင်လားငါလား အကြီးပြိုင်ပြီးလျှင် နိုင်သူကဘေားချင်းဝင်၍တိုက်လိုက်သည့်အခါ ဖြာခနဲ၊ ဖြာခနဲ ရေပန်းရေမှုပ်တို့ဖြစ်ပေါ်လျက် တစ်ခဲနက်သော သဲသဲရုတ်ရုက်အသံတို့ဖြင့် တစ်ရံမစဲ အမြဲဆူပူလျက်ရှိပေသော အပြောကျယ်စွာ အဏ္ဏဝါရေတစ်ရိုးဝယ် မီးခိုးတွေတလူလူ၊ စက် ခုတ်သံတွေကလည်း တဆူဆူ။ တစ်ခါတစ်ရံလည်း ဥဩသံတဝူဝူဖြင့် ကုန်တွေကို လောဘတကြီး သယ်ယူကာ မြန်မာပြည်ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့သော ပင်လယ်ကူးကုန်သင်္ဘောကြီးသည်ကား ဘလွင်တည်းဟူသော အပူကောင်ကို ယူဆောင်သယ်ပိုး၍ တိတ်တခိုး လက်သင့်ခံလာသူတစ်ဦး ဖြစ်လေ၏။

**Store Room** ခေါ် ကုန်စည်ပစ္စည်းများထားရာ မည်းမှောင်သော အခန်းတွင်း၌ လျှို့ဝှက်ပုန်းကွယ်ကာ လိုက်လာခဲ့သော ဘလွင်သည် သင်္ဘောကြီး ပင်လယ်ဝသို့ ရောက်လျှင်ပင် အတွင်းတွင် ငြိမ်ငြိမ်မနေနိုင်တော့ဘဲ တရွရွ လှုပ်ရှားကာ အပြင်သို့ထွက်လာရန် ကြံစည်၍နေမိလေ၏။

ငါ့ကိုယ်ငါ ဘယ်အရပ်သို့ရောက်လို့ ဘယ်လိုဖြစ်ပြီး ဘယ်ကဲ့သို့ သေရမည်မသိ၊ ငါ့ကိုယ်ငါလည်း သေစာရင်းသွင်းပြီး လိုက်လာခြင်းဖြစ်သဖြင့် ဤပင်လယ်ဝမှ ကောင်းစွာမြင်နိုင်သေးသော ရွှေတိဂုံစေတီတော်ကြီးအား ရှိခိုးကန်တော့၍ သွားလိုသောစိတ်ဆန္ဒသည် ဘလွင်အား အမှောင်ခန်းတွင် ကောင်းစွာမနေနိုင်ဘဲ တရွရွလှုပ်ရှားသည့်တိုင်အောင် တိုက်တွန်းနှိုးဆော်၍နေလေ၏။

သို့သော် မိမိ အပြင်သို့ ထွက်လျှင်ပင် သင်္ဘောသားတွေမြင်က ဝိုင်း၍ဖမ်းဆီးမည်ကို အထူးရွံ့သဖြင့် ဒူးတုန်ကာ နေလေသတည်း။ သို့နှင့်နောက်ဆုံးတွင် စေတီတော်ကြီးအား မျက်ဝါးထင်ထင် ဖူးချင်သည့်ဆန္ဒက ကြောက်စိတ်ကိုဖယ်ရှား၍ အားတစ်မျိုးတက်ကာ "ဟာ ဘာပဲဖြစ်ဖြစ်" ဟု ဖွတ်နှစ်၍ ထွက်လာပြီးလျှင် ကြည်လင်သဒ္ဓါ၊ ဇောပီတိအဖြာဖြာနှင့် ဦးနှိမ်ကာ ဝပ်တွား၍ ဘုရားတည်းဟူသော အာရုံကို ဆယ်စုံသောလက်ချောင်းဖြင့် ကောင်းကောင်းကြီး ကန်တော့ရင်း ရွှေလျှံတွေ တဝင်းဝင်းနှင့်မြ

www.burmeseclassic.com



မင်း၏ရောင်ခြည်တွင် ပြောင်တစ်ချည်လက်တစ်ခါ စိမ်းပြာသော သစ်ပင်အုပ်တို့၏အကြားမှ မြင့်မားစွာထိုးတက်နေသည့် ရွှေသားတောင်ထွတ်ကြီးပမာ မဟာဗုဒ္ဓေ၊ ပရမေလေးစုံ၊ ခတ်ပေါင်းလှုံသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်၍မဝ၊ အားမရဘဲ အာရုံခံတန်ဆောင်းထဲများရောက်နေဘိအလား ကြောက်ရွံ့စိုးရိမ်စိတ်များပင် ပျောက်၍ နေလေရကား နောက်ဆုံး၌ ပြန်မည်ဟု အထတွင်မှ မိမိအား ဝိုင်း၍ထားသော သဘော်သားများကို တွေ့မြင်ရခြင်းဖြစ်လေတော့သတည်း။

အကြီးအမှူးပြုသူ ကပ္ပတိန်ကြီးသည် ခန့်ညား၍ ရွံ့ဖွယ်လိလိရှိသော မျက်နှာနီကြီးဖြင့် ငယ်သားများအား ၎င်းတို့ဘာသာစကားဖြင့် "ဒီအကောင် သဘော်ခိုးစီးတဲ့အတွက် 'ဖယ်ရာမင်း' မီးထိုးသမားအခန်းကို ခေါ်သွားပြီး အလုပ်ပေးလိုက်" ဟု အမိန့်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် ခွေးသေကောင် လင်းတဆွဲသလို ဝိုင်းအုံဆွဲခေါ်သွားကြလေသတည်း။ ဘလွင်သည် မသေဘဲနှင့် အဝီစိငရဲသို့ အရှင်လတ်လတ် ရောက်လာသည့်အလား၊ ရဲရဲတောက်လောင်သည့် မီးကျီတိုက်တွင် မီးထိုးသမားအလုပ်ဖြင့် ငွေမထိုး လာဘ်မတင်ရဘဲ အေးအေးကလေး ဝင်ရလေ၏။

မီး၏အရှိန်ကလည်း များစွာပူပြင်းသည်တစ်ကြောင်း၊ လူသစ်ဖြစ်၍ အစမရှိသောကြောင့် ခံနိုင်ရည်မရှိသည့်ပြင် ဘလွင်သည် ခွန်အားဗလကောင်းသော သန်မာထွားကျိုင်းသည့်လူတစ်ယောက်ဖြစ်သော်လည်း ဂျုံကိုဝါး၍ အာလူးကိုစားရသောလူမျိုးလောက် ခွန်အားသန်စွမ်းကြမ်းတမ်းခက်တရော်မရှိ။ ပကတိအားဖြင့် သလေးစပါးကို စား၍ ဥတုရာသီညီမျှသော မြန်မာတိုင်းဖွား အမျိုးကောင်းသားဖြစ်ရကား များမကြာမီပင် မီးပူရှိန်၏ ဒဏ်ကို မခံမရပ်နိုင်ရကား အသည်းနှလုံးတို့ သွေ့ခြောက်ပူပြင်းကာ မတ်တတ်မှ လဲပြိုကျသွားသည်နှင့်တစ်ပြိုင်နက် ခြေနှစ်ချောင်းကိုကိုင်ဆွဲကာ အပြင်သို့ထုတ်ယူသွားကြလေတော့သတည်း။

ဘလွင်သည် ဖတ်နေသောစာရွက်ကို ဆုပ်ချေကာ မီးတောက်သောမျက်လုံးဖြင့် မိမိရှေ့တွင်ရပ်နေသော ဒေါ်ကြင်ကို စားတော့ဝါးတော့မလိုကြည့်ကာ...။

"ဒီဟာ သူကိုယ်တိုင် ပေးလိုက်တာအမှန်ပဲလား"

"ဟုတ်တယ် သူကိုယ်တိုင်ရေးတာပဲ။ ဒေါ်ဒေါ် မြန်မြန်သွားပေးလိုက်ပါဆိုလို့ လာခဲ့တယ်"

"သူဘာပြောသေးသလဲ"

"ဘာမှအထွေအထူး မပြောဘူး"

"ဒေါ်ဒေါ် ဘာမှမသိဘူးလား"

"ဘာမှမသိဘူး၊ မင်းဒီနေ့ တော်တော်အစစ်အဆေးများနေပါလား၊ ဘာဖြစ်လို့လဲ"

"ဒေါ်ဒေါ်မသိတာ အမှန်ပဲနော်"

"ဩော် ခက်ပါပြီ၊ ငါဘာမှ မသိရပါလားကွယ်။ မင်းတို့နှစ်ယောက်ကြားမှာ ငါ စာပို့သမား လုပ်ရုံလုပ်နေတာပဲ။ မြတင်ကလည်း ဘာမှမမှာလိုက်ဘူး။ မင်းမျက်နှာက စိတ်ဆိုးနေပုံကြီးနဲ့။ မင်းတို့ဟာကလည်း မညားခင်က စကားအခြေအတင်နှင့် စာရေးပြီး ရန်ဖြစ်နေကြပြီထင်တယ်။ ငါ့ကိုလည်း နည်းနည်းပါးပါးပြောကြပါဦး။ အခု မင်းတို့ဟာ စိတ်ဆိုးနေကြတာလားကွဲ့"

"ဟုတ်တယ် စိတ်ဆိုးကြတယ်ပဲ ဆိုပါတော့။ သို့သော် ကျွန်တော်က မဆိုးဘူး၊ သူကစပြီးဆိုးတယ်။ ဒေါ်ဒေါ် ဒီစာကို ဖတ်ကြည့်ပါလား"

ဒေါ်ကြင်သည် ကြေမွနေသော စာရွက်ကိုဖြန့်၍ ဖတ်ခါ အကျိုးအကြောင်းသိရသည့်အလား ဝမ်းနည်းသော မျက်နှာထားဖြင့် "အင်း – ဒီလိုကိုး" ဟုဆိုကာ ခေါင်းကိုညိတ်၍ နေလေ၏။ စာတွင်ပါရှိသော အကြောင်းသည်ကား ဘလွင်၏ရည်းစားမြတင်၏အချစ်ကို ရုပ်သိမ်းလိုက်သည့်အကြောင်း၊ ဘလွင်အားလည်း မိမိအပေါ်တွင်ထားခဲ့သော ချစ်မေတ္တာများကို ရုပ်သိမ်းစေလိုကြောင်းတောင်းပန်လိုက်သည့်အပြင် မကြာခင်မိဘများက သူဌေးသားတစ်ယောက်နှင့် ပေးစားတော့မည့်အတွက် မိမိကသဘောတူလိုက်ရကြောင်းများနှင့်တကွ 'ရန်ကုန်မြို့ ပြည်လမ်း ပွဲစားကြီး ဦးကြွေသမီး မမြတင်နှင့် မြို့ပတ်လမ်း မြေပိုင်ရှင် သူဌေးဦးနွယ်သား မောင်ဘဦးတို့အား ရှေ့လာမည့် လဆန်း ၁၂ ရက်နေ့တွင် ဂျူဗလီဟော၌ လက်ထပ်ထိမ်းမြားမင်္ဂလာပြုလုပ်မည့်အကြောင်း' သတင်းစာမှ ကြော်ငြာပိုင်းအပြတ်ကလေးတစ်ခု ဖြစ်လေ၏။

"ဒီအကြောင်း ဒေါ်ဒေါ်ခုမှပဲ သိတယ်ကွယ်။ မြတင်ကလည်း ဘာမှမပြောပြဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မြတင် သစ္စာမရှိဘူးဒေါ်ဒေါ်၊ ကျွန်တော် ဘယ်လောက်ဒုက္ခဖြစ်လိမ့်မယ်ဆိုတာ သူမတွေးမိဘူးထင်တယ်။ ဒါနဲ့ သူ ပျော်ပျော်ရွှင်ရွှင်ပဲလား။ စိတ်ညစ်တဲ့အမူအရာများ မတွေ့ရဘူးလား"

"ဟာ ဒေါ်ဒေါ်မြင်ရတာတော့ သိပ်ပျော်နေတဲ့ပုံပဲ။ တစ်စက်မှ မျက်နှာမညှိုးဘူး။ ဘာလုပ်စရာလဲကွယ်၊ သူမှ သစ္စာမရှိတဲ့နောက်..."

"ကျွန်တော် သူ့ကိုတွေ့ချင်သေးတယ်"

"သွားပြီ၊ မရှိဘူး"

"ဘယ်ကိုလဲ၊ ဘယ်သွားသလဲ"

"မန္တလေးကို သွားမယ်တဲ့။ သွားခါနီး ကားပေါ်က စာပေးသွားတယ်။ လက်မထပ်ခင် နှစ်ရက်လောက်ကျမှ ပြန်လာမတဲ့"

မသက်ကာသောမျက်နှာနှင့် "ဒေါ်ဒေါ်ဘာမှမသိဘူးဆို၊ ခုတော့..."

"အေးလေ ဒေါ်ဒေါ့်အထင်ပြောတာ၊ နောက် ၁၃ ရက် ၁၄ ရက်ရှိမှ ပြန်လာမယ်ပြောလို့"

ဘလွင်၏မျက်နှာသည် စကားပြောရင်း ခက်ထန်သောမျက်နှာမှ ဝမ်းနည်းညှိုးငယ်သောမျက်နှာသို့ တဖြည်းဖြည်းပြောင်းလဲ၍လာကာ နောက်ဆုံး၌ကား ရင်တွင်း၊ နှလုံးတွင်း၌ မည်မျှပြင်းထန်လေသည်မသိ။ မျက်နှာတွင်မူကား သွေးတစ်စက်မျှမရှိတော့ဘဲ လူသေ၏ဖြူဖတ်ဖြူရော်ဖြစ်၍ လာလေသတည်း။ ထိုအတွင်း၌ ဆူညံစွာ "ဘာလဲ" ခေါင်းလောင်းထိုးလှုပ်သော အသံနှင့်တကွ ကစားနေသော ကျောင်းသားကလေးသူငယ်တို့ အော်ကာ ခေါ်ကာ ပြေးကြသည်ကိုပင် မကြားယောင်သကဲ့သို့ တုံ့ကိုဘာဆေ ဆိတ်ငြိမ်စွာနေလေလျှင် ဒေါ်ကြင်လည်း ပခုံးကိုပုတ်၍ "ကဲ မောင်ဘလွင် ကျောင်းတက်ပြီ သွားသွား၊ ဒေါ်ဒေါ်လည်း ပြန်မယ်"

ဘလွင်သည်ကား တစ်စုံတစ်ခု နက်နဲစွာတွေး၍နေရာမှ ဆုံးဖြတ်ချက်ချသည့်အလား သက်ပြင်းရှူကာ "အိုကိစ္စမရှိဘူးဒေါ်ဒေါ်။ ကျွန်တော် အချစ်ဆုံးအမြတ်နိုးဆုံးထားတဲ့ မြတင်တောင် သစ္စာဖောက်ပြီး ဆုံးရှုံးရသေးတာပဲ။ ဒီ ၇ တန်းဆိုတဲ့ အင်္ဂလိပ်စာလေး တစ်ပဲဖိုးလောက်ကို ဘာလို့ခင်တွယ်နေဦးမှာလဲ။ ရောက်ချင်ရာရောက် ကျွန်တော်သွားတော့မယ်" ဟု ပြောကာ ကျောင်းပေါ်က စာအုပ်များကိုပင် မယူတော့သည့်ပြင် ဒေါ်ကြင်နောက်ထပ်ပြောသော စကားများကိုလည်း နားမထောင်ဘဲ တရှူးထိုးထွက်၍လာခဲ့လေသည်။

မျက်စိတွေပြာ၍ ကမ္ဘာကြီးချာချာလည်နေပြီဟု အထင်ရောက်နေသူ ဘလွင်သည် အစဉ်တစိုက်ထွက်၍လာခဲ့ရာ မကြာမီမြစ်ဆိပ်ကမ်းနား သောတံတားတစ်ခုပေါ်သို့ ရောက်လာလေလျှင် ဖွေးခနဲမြင်ရသော ရေပြင်ကိုကြည့်ပြီး လူမသိခင် အပူစခန်းဇာတ်ကို စခန်းသိမ်းပြီးဖြစ်လေအောင် မောင်စည်သူတို့လို မိမိ၏ခန္ဓာအိမ်ကို ရေစိမ်လိုက်ချင်ပါသော်လည်း မောင်စည်သူမှာမူကား မခင်နီပါ၏။ မိမိတွင်မူကား မြတင်မပါ၍ ဟာတာတာနေမည်စိုးသဖြင့် တစ်မျိုးစိတ်ကူးကာ သောတံတားပေါ်တွင်မှိုင်ကာ ထိုင်ရာပြန်လေသတည်း။

"မြတင် မြတင် တယ်ဆိုးပါကလား၊ တယ်ရက်စက်ပါကလား" ဟု တဖျစ်တောက်တောက်မြည်ကာ မကြည်သာသည့် နှလုံးကြောင့် အလုံးစုံလောကကြီးအတွင်းရှိ မြင်လေသမျှအရာတို့ကို အမင်္ဂလာအနိဋ္ဌာတွေချည်းဟု မှတ်ထင်လျက် မမြင်လို၊ မကြည့်လို၊ တရိရိ၊ တဖိုဖိုငိုချင်သလိုကတစ်မျိုး၊ စိတ်ဆိုးကာသုန်မှုန်၍ နှစ်စုံသောလက်သီးဖြင့် အပြီးတိုင်ထိုးကြိတ် ချေမွပစ်လိုက်ချင်သလိုလို ဖြစ်ရသောစိတ်များကတစ်ဖုံ၊ အာဠာဝက ဘီလူးအကြမ်းကဲ့သို့ အထူးသရမ်းကာ တွေ့မြင်ရာလူတစ်သိုက်ကို အစိမ်းလိုက်ဝါးမျို၍ စားလိုသောစိတ်များကလည်း ရံခါရံခါ ပေါ်ပေါက်လာပြီးလျှင် တစ်ခါတစ်ရံတွင်လည်း ဝမ်းနည်းသောစိတ်မျိုးဖြင့် မိမိကိုယ်ကိုမိမိ ထိုးကြိတ်သတ်ဖြတ်ကာ မရဏာသေလမ်းသို့ ကိုယ့်အလောင်းကိုယ်ထမ်း၍ ပို့လိုက်ချင်သလိုလို၊ ရံဖန်ရံခါတွင်လည်း သတိသမ္ပဇဉ်နှင့် တရားမွေ့ကို အတန်မြင်၍ သံအသွင်မာကျောကြမ်းကြုတ်နေသော စိတ်ယုတ်များကို တရားနှင့်ဖြေချုပ်လျက် လောကုတ္တရာလမ်းကိုလိုက်ကာ သင်္ကန်းဝါဝါကြီးစီးပြီး ဘုန်းကြီးလုပ်၍ပစ်လိုက်ချင်သလိုလို စသည်ဖြင့် ထိုထိုဤဤ မတည်မငြိမ်နှလုံးအိမ်သွေးမမှန်ဘဲ ဖောက်ဖောက်ပြန်ပြန် ဖြစ်၍နေလေသတည်း။

နေသည်ကား အနောက်ဘက်သို့ တဖြည်းဖြည်းနိမ့်ကျ၍ သွားလေ၏။ သောတံတားတွင် ကုလားတရုတ်ဗိုလ်ကပြားမှစ၍ အထီး၊ အမ စုံတွဲကာ အချို့အတွဲတွင်

www.burmeseclassic.com

www.burmeseclassic.com



လည်း 'ငချွတ်'ကလေးများပါ။ လာရောက်လေညှင်းခံကြသူတွေ များပြား၍လာလေ၏။ ၎င်းတို့အတွင်းမှ ဂရုပြုတတ်သူအချို့ကလည်း ဘလွင်၏မှိုင်ပုံတော်ကို မြင်ရလျှင် သကာမကင်းသောစိတ်မျိုးနှင့် တိတ်တခိုး တစ်ခါတစ်ခါ ကြည့်ပြီး မာလကိကုတ်ဖို့များ ကြံနေသလားဟု အချင်းချင်း တီးတိုးပြောဆိုမိကြလေ၏။

ဘလွင်သည်ကား ချစ်ဒေါ်သဝေဒနာ ပြင်းထန်လျက် ရှိရကား ပါးစပ်မှတလှုပ်လှုပ် တရွရွလှုပ်ရှားကာ ဂါထာမန္တရားများကို ရွတ်ဖယ်သရရွှယ်သည့်အလား အိတ်ထဲတွင် အမြဲဆောင်၍ထားသော မြတင်၏ခေါင်းမာတ်ပုံကလေးကိုကြည့်ကြည့်ပြီး မချိတရိမျက်နှာ မောဟိုက်လှိုက်လှဲစွာသော တိုးတိုးသာသာအသံများဖြင့် "သြော် မြတင် မြတင် နင် အင်မတန်ရက်စက်လှပါကလား မြတင်ရယ်။ ပရိယာယ်အများအပြား မျက်နှာထားကလေး ချိုချိုနဲ့ ကိုကိုရဲ့ သစ္စာတည်ပါစေနော်။ တော်တော်ကြာ တင်တင့်ကိုပစ်ပြီး အသစ်တွေနောက် တကောက်ကောက် လိုက်နေဦးမှာလား။ သူများကတော့ ချစ်မိတဲ့နောက် ဖောက်ပြန်ဖို့စိတ်မထားပါဘူး။ ဘုရားစူးကျိန်ရဦးမှာလား။ သိကြားမင်း လူယောင်ဖန်၍ မြူဆောင်ဉာဏ်နှင့်မေတ္တာသွေးပြီး ချစ်ပါလေး၊ ကြိုက်ပါလေးလို့ ဦးဆယ်ကြိမ်တင်ပြီး အသံဝင်အောင်ပြောပြော တင်တင်သဘောဖြင့် မယိမ်းမယိုင် မဖောက်မပြားဘဲ ကျောက်သားသံတိုင်တမျှ ခိုင်ခိုင်မာမာကြီးနေလို့ ပြလိုက်ပါမယ်တဲ့။ ဟဲ့ မိမြတင်ရဲ့။ ခုတော့ နင့်စကားတွေ နင်သတိရသေးရဲ့လား အပလီအိုးမကြီးရဲ့။ တော်ပါပေရဲ့ မြတင်ရယ်။ ငါ့အပေါ်မှာ အသည်းစွဲချစ်ပါတယ်လို့ ဝန်ခံခဲ့တဲ့ နင့်မေတ္တာသံမဏိတုံးကြီးဟာ အရည်ပျော်ဖယောင်းခဲလို အသားမည်းမည်းသရဲနဲ့အတူတူ ငါးခူနဲ့ခွဲမရတဲ့ ပုပုကွကွ အဆက်အလက်မကျတဲ့ (ဓနု)ဆိုတဲ့ ပီယလျှိုဆေးနှင့် အမြဲနူးတတ်တဲ့ ဘဦးဆိုတဲ့ 'ငနဲ' ကို သွားရည်တရွဲရွဲကျအောင် နင်ကမက်လို့ ထားခဲ့တဲ့သစ္စာနဲ့ မေတ္တာဖျက်ပြီး ကလိန်းကလက်နှင့် တစ်ဖက်သတ် စက်ပုန်းခုတ်သွားပေါ့လေ။ ဒီက 'ငနဲ' မှာတော့ ပါးစပ်ကြီးဟ ကျန်ရစ်ခဲ့ရပြီ မိမြတင်ရဲ့။ အင်း- လောကကြီးဆိုပေတဲ့ ရေးသမ္မတ္တိခေတ်ဆီကတော့ ဒီလို မဟုတ်ပါဘူး။ ခုလို ဝိပ္ပတ္တိဆုတ်ကပ်အခါကြီးမှာသာ အလွန်ကရာဆိုးဝါးပြီး သူယုတ်မာတွေ ထွန်းကားနေတဲ့အတွက် သစ္စာတရားကြီးဟာလည်း ပျက်စီးဆုံးပါးခြင်းကြီး ပျက်စီးဆုံးပါးကုန်တော့တာပဲ။ အင်မတန်ဖြစ်တောင့်ဖြစ်ခဲသံသရာရေစက်ကြောင့် တစ်ဦးနှင့်တစ်ဦး စွဲစွဲမြဲမြဲ ထားကြတဲ့ ချစ်မေတ္တာများဟာလည်း စွဲလှပြီ မြဲလှပြီရယ်လို့ စိတ်မချသာပါပဲကလား။ စင်စစ်အားဖြင့် ချစ်လှပါတယ်၊ ခင်လှပါတယ်။ မမြင်ရရင် ရင်ဝကအလုံးကြီးဟာ ဗြုန်းခနဲဆို့ဆို့ပြီး ပျို့ချင်သလိုလို၊ အန်ချင်သလိုလို၊ ငိုချင်သလိုလို၊ ရယ်ချင်သလိုလို ဖြစ်ဖြစ်နေပါတယ်။ မျက်တောင်ကလေး တစ်လှစ်ခြားရုံမျှနဲ့ ဟို အာတိတ်သမုဒ္ဒရာကြီးခြားပြီး ကမ္ဘာဝင်ရိုးအစွန်းရောက်သွား-"

"ဟေ့ မောင်ဘလွင် ဘာလုပ်နေတာလဲ၊ ရူးလာသလားကွ"

ဟု တစ်စုံတစ်ယောက်က ကျောကိုပုတ်၍ ပြောလိုက်မှ ဗြုန်းခနဲသတိရပြီး လှည့်ကြည့်လိုက်သောအခါ မိမိ၏သူငယ်ချင်းဟောင်းတစ်ယောက်ဖြစ်၍-

"အို လှမောင်လား၊ မင်းဘယ်ပျောက်နေသလဲလို့"

"ဘယ်မှမပျောက်ဘူး၊ ငါ ဒီတံတားမှာ 'တာလီစာရေး' လုပ်နေတယ်"

"အို ဟုတ်လား ဝမ်းသာသကွယ်။ နို့ မင်းဒီကိုဘာလာလုပ်သလဲ"

"သင်္ဘောမနက် ၆ နာရီထွက်မယ်ကွဲ့။ ဒါကြောင့် 'နိုက်ဂျူတီ' ဆင်းလာခဲ့တယ်။ လာလေကွယ်။ သင်္ဘောပေါ်ကျမှ စကားပြောရအောင်။ ငါ့အလုပ်ချိန် နီးနေပြီ"

ဘလွင်လည်း လှမောင်နောက်သို့ လိုက်သွားလေ၏။ လှမောင်သည် သင်္ဘောပေါ်သို့ရောက်လျှင် ဘလွင်နှင့် စကားအနည်းငယ်ပြောပြီးနောက် မိမိအလုပ်ကို စလေ၏။ ကုန်တင်သောကူလီများ ရှုပ်ယှက်ခတ်၍ နေလေ၏။ ဘလွင်လည်း ထိုင်၍တွေးကာငေးလျက် တစ်စုံတစ်ခုကြံစည်စိတ်ကူး၍ နေလေ၏။ အတန်ကြာလျှင်-

"ဟေ့ လှမောင် ငါပြန်မယ်ကွယ်။ နောက်တော့ တွေ့ကြသေးတာပေါ့"

ဟု ပြောဆိုနှုတ်ဆက်ကာ လှမောင်အနားမှ ထွက်ခွာလာခဲ့လေ၏။ လှမောင်လည်း၊ အလုပ်ဝတ္တရားတစ်ဖက်ဖြစ်၍ ဘလွင်အား "အေးအေး သွားတော့" ဟုသာ ပြောလိုက်နိုင်၍ လိုက်ပို့ရန်ရှိသော်လည်းကောင်း၊ မျက်စိတစ်ဆုံး ရှုမျှော်၍သော်လည်းကောင်း၊ မကြည့်နိုင်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ထို့နောက် ည ၁၂ နာရီထိုး၍ မိမိအလှည့်ကုန်လျှင် လှမောင် အိမ်သို့ပြန်သော်လည်း ဘလွင်သည်ကား သင်္ဘောပေါ်တွင် ကျန်ရစ်ပြီးနောက် 'စတိုရုံး' ထဲမှာပင် ပုန်းအောင်းလျက် နံနက်သင်္ဘောကြီးအထွက်မှာ တစ်ခါတည်း ပါလာခဲ့ခြင်း ဖြစ်လေသတည်း။

ယင်းသို့အကြောင်းအရာစုကား ဘလွင် နစ်မြောသွားစဉ် ထင်လာမြင်လာသည့် အိပ်မက်မဟုတ်၊ အကယ်တမှု ဖြစ်ပျက်တွေ့ကြုံခဲ့ရသော အတ္တုပ္ပတ္တိများ ဖြစ်လေ၏။

* * *

ရေအေးဖြင့် ဖျန်းပက်၍သော်လည်းကောင်း၊ လေအေးတိုက်ခတ်သဖြင့်လည်းကောင်း ဘလွင်မှာ အနည်းငယ် သက်သာသတိရ၍ လာပြန်လျှင် တစ်ဖန်အလုပ်ခန်းသို့ ဝင်ပြန်ရလေ၏။ သို့နှင့်လည်း မီးပူရှိန်ကို တာရှည်မခံနိုင်ဘဲ ရှိပြန်လေ၏။ ယင်းသို့အားဖြင့် လဲချည်ထချည်နှင့်ပင် ရက်အတော်အတန်ညောင်း၍ လာခဲ့ပြီးနောက် တရုတ်ပြည်ရှန်ဟိုင်းမြို့သို့ သင်္ဘောဆိုက်ကပ်သည့်နေ့သို့ရောက်ခဲ့လေသတည်း။ ကပ္ပတိန်မျက်နှာနီကြီးသည် ဘလွင်အား ထိုနေ့အဖို့ခေါ်ယူကာ စကားပြောလေ၏။ အကျိုးအကြောင်း အနည်းငယ်မေးမြန်းလိုက်လျှင်ပင် ဘလွင်လည်း အင်္ဂလိပ်ဘာသာဖြင့် လျင်မြန်ဖျတ်လတ်စွာ ဖြေဆိုပြောပြနိုင်သဖြင့် အနည်းငယ်သနားစိတ်ပေါက်၍လာသည့်အလား ရှေးကလို တင်းမာခက်ထန်သောမျက်နှာထားမှ တစ်ပတ်မျှလျှော့ကာ အလယ်အလတ်မျက်နှာထားထက် နစ်အောင်စလောက်သာ ပိုမိုတင်းမာသောအမူအရာဖြင့် မင်းကို ယခုမြို့တွင် ချထားခဲ့ရလိမ့်မည်။ သို့သော် 'ပို့ကော်မရှင်နား' ရေဝန်ရုံးတွင် အပ်ထားခဲ့လျှင် မင်းကို သင်္ဘောခိုးစီးတဲ့အတွက် အချုပ်နှင့် အလုပ်လုပ်ရန်ခိုင်းလိမ့်မည်။ သို့အတွက် မင်း လွတ်လွတ်လပ်လပ် သွားဖို့ရာကို သွားဖို့ ငါအခွင့်ပြုလိုက်မည်။ သို့သော် ဒီမြို့မှာ တစ်စုံတစ်ခုကြောင့် အစစ်အမေးအမြန်းခံရလျှင် ငါ့သင်္ဘောနှင့် ပါလာတဲ့အကြောင်း မပြောဘူးလို့ ကတိထားရလိမ့်မည်" ဟု တည်တည်ကြီး ခန့်ညားစွာပြောလေရာ ဘလွင်မှာ အချုပ်အချယ်ခံရသည်ထက် လွတ်လပ်စွာသွားလာနေထိုင်ရသည်က သက်သာရာရလိမ့်ဦးမည်ဟု တွေးကာ ကပ္ပတိန်ကို ကတိခံလျက် ရှန်ဟိုင်းမြို့ပေါ်သို့ တက်ခဲ့ရလေတော့သတည်း။

ဒိန်းတလိန်းနတ်ဖမ်း၍ လာခဲ့သော ဘလွင်သည် သင်္ဘောမှဆင်းလာခဲ့ပြီးနောက် ဟိုရောက်ဒီရောက်နှင့် တောင်မသိ၊ မြောက်မသိ ဟိုကြည့်ဒီကြည့်ဖြင့်သာ တစ်ရွာရပ်ခြားတိုင်းတစ်ပါးတွင် သောင်ပြင်လွတ်သောငှေးပမာ ဘယ်သို့ဘယ်ညာဟု မရည်စူးဘဲ ခြေဦးတည့်ရာသို့သာ အစဉ်တစိုက် လျှောက်လာခဲ့ရာ ဆာလောင်မွတ်သိပ်ခြင်းပြင်းလှသဖြင့်လည်း နုံးခွေပင်ပန်း၍ နွမ်းလျပ္ပလောင်သော ဝမ်းကိုပြည့်တင်းစိမ့်သောငှာ ရေကိုပင် နတ်သုဒ္ဓါထင်မှတ်သုံးဆောင်၍ တယောင်လည်လည်နှင့်ပင် ရှေ့သို့ဆက်လက်ကာ သွား၍နေရလေတော့၏။

ထိုအချိန်အခါသည်ကား ကျယ်ဝန်းကြီးမား လူနေများသည့် တရုတ်တို့စံရာ ဂန္ဓာလရာဇ်တည်းလှသော ဦးတည်ဘွားတို့ပြည်ကြီးတွင် ဆူပူတုန်လှုပ်လျက် အိမ်ကြက်ချင်း ခွပ်နေကြသည့်အလား အမျိုးသားချင်း စိတ်ဝမ်းကွဲပြားကြပြီးနောက် မြောက်ပိုင်းနှင့်တောင်ပိုင်း ခြားနားလျက် စစ်နှစ်ဘက် ယှဉ်ပြိုင်တိုက်ခိုက်လျက်ရှိရကား မြို့သူမြို့သားတို့မှာ 'ကျီးလန့်စာစား' ဆိုသလို သောကတွေတဖိုဖိုနှင့် ထိုထိုဤဤ အလီလီတွေးတော ထိတ်လန့်ကာ မျက်လုံးကိုဖွင့် နားကိုစွင့်လျက် ချက်ခနဲဆိုလျှင် ခေါနှင့်လုံ့ကို အမြန်ကိုင်မိရမလို ဖြစ်နေရကား ဘလွင်မှာ အသွားရအလာရ လွန်စွာကျပ်လျက် ဘယ်အိမ်ပေါက်ကို ရပ်၍မှလည်း ထမင်းတစ်နပ်ကျွေးမည့်သူမရှိသည့်ပြင် မိမိကိုပင် ရန်သူပမာမှတ်ထင်ကြသဖြင့် မိန်းလက်နက်နှင့် လုံ့တံတို့ဘေးကို ရှဲ့သဖြင့် ဒူးတွန့်၍နောက်သို့ဆုတ်ခဲ့ရသည်သာ များလှသောကြောင့် ဒုက္ခရေကြော၊ ဒုက္ခပင်လယ်တွင် အတွယ်မရှိဘဲ မျောရသောလှေငယ်ပမာ ဘလွင်ခမျာမှာ မြတင်ကိုသာ အပြစ်ဖို့လျက် ဒင်းရို့လိုက်တဲ့ ဒုက္ခမီးကဖြင့် တညီးညီးတပြောင်ပြောင်တောက်လောင်လို့ မဆုံးနိုင်ပါကလား။ မြဒင် ဒင်းကတော့ လင်နေပြီး အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင်နှင့် အင်မတန်ကြည်လင်နေမှာပဲ။ ငါ့အသည်းမှာဖြင့် ကမ္ဘာစွဲအောင် နာလိုက်ပါရဲ့။ တော်တော် ဒီနေ့ကစပြီး မြသော တင်သော ဘယ်အကောင်မကိုမှ စိတ်မစောတော့ဘူး။ ဒင်းသို့သော မိန်းမသားကတော့ စိမ်းကားရက်စက်သေးတာပဲ။ ငါ ဘာကြောင့် စွဲလမ်းပြီးစိတ်ပင်ပန်းခံနေရော့လဲ။ ကဲ ဒီနေ့ကစပြီး ငါ့အပူဇာတ်လမ်းကို ဒီတွင်ပဲဖြတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့မယ်။ ကြီးကျယ်တဲ့ ဒီတရုတ်ပြည်ကြီးမှာလည်း မနေချင်၊ အရင်စနစ်မျိုးနှင့် တွေ့ကရာ သင်္ဘောတစင်းစင်းကို ခိုးစီးလိုက်သွားလျှင် ဘယ်ကမ်းဆိုက်ဆိုက်၊ ဘယ်သောင်တင်တင်၊ လွှင့်ချင်ရာလွှင့်နေရတာက အေးပါသေးရဲ့ဟု တွေးပြီးသည်နှင့်တစ်ပြိုင်နက်ပင် စိတ်ဆွဲငင်ရာသို့ ချာခနဲလှည့်ကာ အရှေ့ပမာ သင်္ဘောဆိပ် ကမ်းခြေသို့ ခပ်တွေတွေ လျှောက်လာခဲ့ပြန်လေတော့သတည်း။

* * *

တစ်ခါသေဖူးသဖြင့် ပျဉ်ဖိုး၊ ခေါင်းဖိုး မေးမြန်းစုံစမ်းရန် မလိုသော ဘလွှင်သည် ဤတစ်ကြိမ်တွင်ကား မိမိကပင် ရှေးဦးစွာသွား၍ ကပ္ပတိန်ရှေ့မှောက်တွင် အပြစ်ရှိသော မိမိကိုယ်ကိုမိမိပင် ဖမ်း၍အပ်လေရာ ကပ္ပတိန်မှာ ဘလွှင်၏ မျက်နှာကိုမြင်ရုံနှင့် သနားသလိုလိုရှိသည့်ပြင် ပြောရေးဆိုစကလေးရှိသည်ကတစ်ကြောင်း ဘိလပ်သူနှင့် လက်မထပ်မီ မြန်မာပြည်သို့ အလုပ်နှင့်ခေတ္တလာရောက်ဖူးစဉ်က မြန်မာမိန်းကလေးတစ်ဦးနှင့် ခေတ္တနဖူးစာ ဆုံခဲ့ဖူးသည်လည်း တစ်ချက်ကြောင့် မြန်မာကို အတော်အတန်ခင်မင်တတ်ရကား ဘလွှင်အား အပြစ်တော်မတင်ဘဲ အချစ်တော်များဝင်လျက် အဖြစ်အပျက်များကို မေးမြန်းစုံစမ်းလေလျှင် ဘလွှင်သည် နမောတာသသမခံဘဲ မြတင်နှင့် ချစ်ကြိုက်ခဲ့သည်ကအစပြုလျက် တရုတ်ပြည်ကို ရောက်လာခဲ့ခြင်းတည်းဟူသော နိဂုံတံအထိ လုံးစေ့၊ ပတ်စေ့ပြန်လှန်ပြောပြလေရာ ကပ္ပတိန်မှာ စုပ်သတ်လျက် "မင်း ယခုလို ရည်းစားအတွက်နဲ့ စိတ်ရူးပေါက်ပြီး ထွက်သွားလျှင် ဘာအကျိုးရှိသလဲ။ အများကြီးဒုက္ခရောက်ခဲ့တယ် မဟုတ်လား။ မင်း ပညာကို ဆက်လက်သင်နေရင် တစ်နေ့မှာ လူကြီးလူကောင်းတစ်ယောက်ဖြစ်လာရင် မင်းရည်းစားလို မိန်းမတွေ အများကြီးရနိုင်မယ်။ ယခု မင်းအသက် ငယ်ငယ်ကလေးရှိသေးတယ်။ အချိန်တွေကို အားကြီးနှမြောဖို့ကောင်းတယ်။ ယခု ကျွန်ုပ် သင်္ဘောမှာပါလာတယ်။ နောက် ဘယ်ကိုသွားမလဲ"

"ကျွန်တော် ဘယ်ကိုသွားမယ်လို့ မရည်ရွယ်ဘူး။ ရောက်တဲ့အရပ်ကို သွားဖို့ပါပဲ"

"အို မင်းအများကြီးမိုက်တယ်။ ကောင်းကောင်းဒုက္ခရောက်မယ်။ ကောင်းပြီ ကျွန်ုပ် အများကြီးသနားတယ်။ ကျွန်ုပ်စကားကို နားထောင်ရင် ကျွန်ုပ်ကောင်းကောင်း လခရအောင်၊ လူကြီးလူကောင်းတစ်ယောက်ဖြစ်လာအောင် လုပ်ပေးမယ်။ ကျွန်ုပ်ဆီမှာ ကောင်းကောင်းနေမလား"

ဘလွှင်၏မျက်လုံးများသည် တောက်ပြောင်ကြည်လင်၍ လာလေ၏။ ကပ္ပတိန်သည် ထိုစကားများကို သူတို့ဘာသာစကားဖြင့်ပြောလေရာ ဘလွှင်လည်း ၎င်းနည်းတူ "အများကြီးကျေးဇူးတင်ပါတယ်ခင်ဗျာ။ ကျွန်တော် နေပါ့မယ်"ဟု ရိုသေကျိုးနွံသော အမူအရာဖြင့် ပြောလေ၏။

ကပ္ပတိန်သည် (Bibby Line) ကုမ္ပဏီ၏ ပင်လယ်ကူးလူစီးသင်္ဘောကြီးမှ ဖြစ်လေရာ ထိုသင်္ဘောကြီး၌ ဘာမဆို သူ့ဩဇာသာလျှင် ပဓာနဖြစ်ရကား ဘလွှင်ကို ကယ်ဆယ်ကြည့်ရှုခြင်း၌ အနည်းငယ်မျှ ဝန်လေးခြင်းမရှိသဖြင့် အမိနှင့်ကွဲရာမှ ပြန်လည်တွေ့ဆုံရသော နွားငယ်ပမာ ဘလွှင်မှာ စိတ်နှလုံး ကြည်လင်ပျော်ရွှင်ခွင့်အနည်းငယ် ရရှာလေသတည်း။ ထို့နောက် နှစ်အတော်ကြာအောင်ပင် ဘလွှင်မှာ မြုပ်ကွယ်၍နေခဲ့လေသတည်း။

* * *

"အာယား–ဘောဘီကို ကော်ဖီပေးပြီးပလား၊ ၄ နာရီထိုးတော့မယ်။ အိပ်ပျော်နေရင် နှိုးလိုက်တော့။ အေးကြည်ကော ဒီမှာ မာလီ ပန်းတွေ ယူလာပြီ။ ဘုရားပန်းလဲလိုက် စားပွဲပေါ်က ပန်းအိုးတွေထဲ နည်းနည်းစိုက်လိုက်။ ဟောဒီ ဟင်းရွက်စုံတွေလည်း ချိုချိုချက်ပါဦး။ ဦးဖုံးဆီယူသွား။ သကြားလုံးအဝယ်သွားတဲ့ ဒရိုင်ဘာလည်း ခုတောင်မှ ပြန်မလာသေးဘူးထင်တယ်။ ခေတ်ဆီတွေ အချောင်ထုတ်နေသလားမသိဘူး"စသည်ဖြင့် ကြည်လင်သာယာသော အသံကလေးဖြင့် ဩဇာပေးကာ စီမံခန့်ခွဲနေသူကား ချာချယ်လမ်းရှိ ကြီးမားကျယ်ပြန့်သော ခြံကြီးအလယ်တွင် တင့်တယ်ဖွယ်ရာစွာ ဆောက်လုပ်ထားသော အိမ်ကြီး၏ အရှင်သခင်မကလေးတစ်ဦး၏အသံနှင့်ပင်တူလေသတည်း။

အာယားသည် ခြင်ထောင်ကို မ,ကြည့်ပြီး အိပ်ရာတွင် ဘောဘီမရှိသဖြင့် ထိတ်လန့်၍သွားလေ၏။ ထို့နောက် ဟိုအခန်း–ဒီအခန်းလိုက်၍ ရှာသော်လည်း မတွေ့လျှင် သခင်မသိမည်စိုးသဖြင့် အေးကြည်ကို တိုးတိုးကလေး လက်တို့၍ ပြလေ၏။ အေးကြည်၏မျက်လုံးသည် ဇီးကွက်လို ကျယ်၍သွားလေ၏။ ထို့နောက် နှစ်ယော

www.burmeseclassic.com

www.burmeseclassic.com



သား ခြံထဲသို့ဆင်းကာ ဟိုဟိုဒီဒီ လှည့်လည်ရှာဖွေကြလေသတည်း။

"ဘောဘီ" အခေါ်ခံသူ "ငတိ" သည်ကား များစွာငယ်လှတော့သည်မဟုတ်ချေ။ သုံးနှစ်ကျော် လေးနှစ်နီးပါးမျှရှိ၍ ခြံစည်းရိုးနားတွင် မျက်နှာကိုလက်မောင်းနှင့် ပွတ်ကာ မျက်ရည်စို့ရွဲနှင့် ငိုပွဲဆင်၍နေလေသတည်း။

ထိုခြံနှင့်ကပ်လျက်ရှိသော တစ်ဖက်ခြံရှိ အိမ်ဝင်းအတွင်း၌ကား မစ္စတာလွိုက်သည် ပက်လက်ကြိမ်ကုလားထိုင်တွင်လှန်ကာ သတင်းစာဖတ်လျက်ရှိလေ၏။ အမွေးစုတ်ဖွားနှင့် ဂုတ်ကျားထက်ပို၍လှသော ခွေးကလေးသည် ဘောလုံးကလေးတစ်လုံးကို ကိုက်ချီလျက် သခင်၏လက်ပေါ်သို့ ပြေးတက်လာလေ၏။ မစ္စတာလွိုက်သည် သတင်းစာကိုချပြီး ပိုက်ကီကို မချီလိုက်ရာ ပါးစပ်တွင် ကိုက်လျက်ပါလာသော ဘောလုံးကလေးကိုမြင်သဖြင့် "ဟဲ့ ပိုက်ကီ ဒါ နင်ဘယ်က ယူခဲ့သလဲ" ဟု အံ့သြစွာ မေးပြီးလျှင် ခြံအနီးတွင် ငိုယိုလျက်ရှိသော ကလေးငယ်ကိုမြင်၍ ပိုက်ကီကို ပွေ့ချီရင်း ကလေးအနီးသို့ ရောက်လာလေ၏။

"နှာဘော့ရုံးပေး–နှာဘော့ရုံးပေး" ဟု ခွေးကို လက်ညှိုးထိုးကာ ငိုနေလျက်ရှိသော ကလေးအား ရယ်မောကာ "အို မင့်ဘောလုံးလား ဟဲ့ ပိုက်ကီ ဘာပြုလို့ သူ့ဟာ လုလာသလဲ" ဟုဆိုကာ ခွေးပါးစပ်က ဘောလုံးကို ကလေးအားပေးလျက် ချော့မော့ကာ အငိုတိတ်စေ၍ ပွေ့ချီခဲ့ပြီးလျှင် မိမိအိမ်သို့ ခေါ်လာပြီးနောက် ချော့ကလက်နှင့် ဘီစကွတ်များကို ကျွေးလေရာ ကလေးလည်း စိတ်ပြေကာ ပြုံးရွှင်၍လာလေ၏။

"မင့်နာမည် ဘယ်သူလဲ"

"နော့နာမည် တိုတိုတဲ့"

"မင်း ဘယ်သူ့သားလဲ"

"မေမေ့တား"

"ဘယ်မှာနေသလဲ"

"ဟိုဘက်မှာ" ဟု အိမ်ကိုလက်ညှိုးထိုး၍ ပြလေသည်။

"မင့်ဖေဖေ ဘာလုပ်သလဲ"

"တိုတို့ဘောဘော ဘီရပ်မှာတဲ့"

ရယ်မောလျက် "ဩော် ဒါဖြင့် ဗိုလ်ကြီးပေါ့"

"ဟင့်အင်း တိုတိုတိဘူး၊ ပြန်တော့မယ်" ဟုဆိုကာ ပြောရင်းပင် မစ္စတာလွိုက်၏လက်ပေါ်မှရုန်း၍ ဆင်းကာ ပြေးမည်ပြု၍ "ကဲ ကဲ သွားတော့။ နောက်ကိုလည်း ပျင်းရင်လာလည်နော်။ ချော့ကလက်တွေ အများကြီးပေးဦးမယ်" ကိုကိုလည်း "အင်း" ဟုပြောကာ ပြေး၍လာခဲ့ပြီးနောက် ခြံထဲတွင် လျှောက်ရှာနေသော အေးကြည်တို့နှင့် တွေ့၍ "ဟော ဟိုမှာ ကိုကိုရယ်၊ ကြည့်စမ်း ဘယ်သွားသလဲ၊ တို့များ ရှာလိုက်ရတာ" ဟု အေးကြည်ကပြောကာ ပွေ့ချီ၍ အိမ်ပေါ်သို့တက်သွားပြီးလျှင် "ဟောဒီမှာ မမ ကိုကိုရယ်လေ အောက်ဆင်းပြီးဆော့နေတယ် ရိုက်ပါမမ သူ့အင်မတန် လမ်းသလားနေတယ်"

"မေမေရိုက်နဲ့နော်။ တိုတိုလယ်ဘူး၊ တူတို့လကား လိမ်ကျော့တာ။ နော့ဘောရုံးလေး ဟိုအိမ်က ခွေးကလေး ယူတွားလို့ လိုက်တောင်းတာ။ ဟို ဟို အိမ်မှာ ဗိုလ်ကြီးက တောင် ချော့ကလက်တွေ တို့တို့ပေးလိုက်တယ်"

"အင်း မင်းကလေး အတော့်ကို လူလည်ဖြစ်နေပါကလား။ ဟိုဘက်က ဗိုလ်တွေနဲ့တောင် မိတ်ဆွေဖြစ်လာပါပကော" ဟုဆိုကာ ကိုကို့အမေသည် ကိုကို့အား ပွေ့ချီနမ်းရှုပ်လျက် သားကလေးအား ပြုံးရွှင်စွာအရိပ်ကြည့်၍ နေလေသတည်း။

ထိုနေ့မှစ၍ ကိုကိုသည် ညနေတိုင်း မကြာခဏ ပျောက်၍သွားလေ၏။ ပျောက်တိုင်းပင် လိုက်ရှာသောအခါ မစ္စတာလွိုက်နှင့် အတူကစား၍ နေသည်ကိုသာ တွေ့ခဲ့ကြလေသတည်း။ သို့ကြောင့် အခါများသော် ရိုး၍နေပြီဖြစ်၍ မရှာတော့ချေ။ ကိုကို့အမေလည်း ဟိုဘက်ခြံက ဗိုလ်တွေ မိမိသားကလေးကို ချစ်၍နေသည်ဟု ယုံကြည်စိတ်ချကာ ဘာမျှစိုးရိမ်ခြင်းမရှိတော့ဘဲ နေလေ၏။

တစ်နေ့သောအခါတွင် ကိုကိုသည် မစ္စတာလွိုက်တို့ခြံဘက်သို့ကူး၍ မိမိ၏ ကစားဖော်မိတ်ဆွေများဖြစ်ကြကုန်သော မစ္စတာလွိုက်၊ ပိုက်ကီ စသော သူငယ်ချင်းများနှင့် ဘောလုံးပစ်တမ်း ကစား၍ နေကြလေ၏။ ထိုအချိန်ကား ညနေ ၅ နာရီခန့်ရှိ၏။ ကိုကို့အမေလည်း ခြံထဲသို့ဆင်းကာ ပန်းပင်များကို ကြည့်ရှုကာ မာလီကုလားကို ပြုပြင်စေခိုင်း၍ နေလေ၏။

များမကြာမီ ဟိုဘက်ခြံဆီမှ ကိုကို၏ ပြင်းထန်စွာ ငိုလိုက်သောအသံကိုကြား၍ အူယားဖားယား ခြံစည်းရိုးအပေါက်နားသို့ ပြေး၍သွားလေရာ ကိုကို့အား ပွေ့ချီ၍

www.burmeseclassic.com



လာသော မစ္စတာလျှိုက်နှင့် ရင်ဆိုင်တွေ့သဖြင့် ၎င်းက ကလေးကိုလှမ်းပေးရင်း "ဘောလုံးပြေးဖမ်းရင်း အားလွန်ပြီး လဲသွားလို့ တယ်တော့ မနာပါဘူးခင်ဗျာ။ ဒူးကလေး နည်းနည်းပွန်းသွားရုံပဲ ရှိပါတယ်" ဟု အားနာသော ပြုံးရယ်ခြင်းဖြင့် ရယ်ပြောပြောရင်းပင် ကိုကို့အမေ၏မျက်နှာကို သေသေချာချာမြင်ရသောအခါ မစ္စတာလျှိုက်၏ ရင်ထဲတွင် ဒိန်းခနဲဖြစ်ပြီးလျှင် "ဟင်" ဟု ဆိုကာ မျက်နှာပျက်ပျက်နှင့် ချာခနဲလှည့်၍ ထွက်သွားလေတော့သတည်း။

ကိုကို့အမေသည်ကား မည်သူ့ကိုမှ သေချာစွာ မကြည့်အားဘဲ သားကလေးလဲသည်ကို မနည်းကြီးပူ၍ နေသောကြောင့် "ဟုတ်ကဲ့ရှင်၊ ဒီကလေး အင်မတန်ဆော့တယ်" ဟု ပြောပြောဆိုဆိုပင် အာယားကိုခေါ်ကာ အိမ်ပေါ်သို့တက်လာကြပြီးမှ "ခုတင်က ဗိုလ်ကလည်း ဗမာလို အပြောလည်လိုက်တာ မှတ်နေတာပဲ" ဟု သာမန်မျှသာ တွေးလိုက်မိလေ၏။

* * *

ဥပါဒါ စွဲရမက်ကယ်က သည်းပွက်ပွက်ဆူလျှံ စဲမပျက် ပူပန်သည်၊ သူရကန် တစ်နှံး၊ မနော၀တ်မငြိမ်းနိုင်တယ်၊ ကိန်းပိုင်ပိုင် ပြောဖို့မဆုံး။ တစ်မိနစ် တစ်ဗီဇနာမှာ တစ်ခရာမပြိုး။ ရတနာတစ်ကုံးကြောင့် တစ်ဘုန်းဖြင့် မှိုင်ခွေ၊ ဖြေပါသော် ကြိတ်မရနိုင်ဘု။ စိတ္တဓမီးတောက်ဆူဝေ။ စက္ခုက ဇလာရေမှာ ဖြာနှစ်သွေ့ စိမ့်စမ်းသို့ နိမ့်ဝှမ်းသည့် ပါးမို့နှစ်ပြင်ဆီ သွားဖို့ပြင်ပြီ၊ ထားပျိုကြောင့် ရှင်မကြည်သည် သဘ္ဘာလီစက်ခန်းကလေး။

ခေါင်းအုံးကြီးကို ပွေ့ဖက်ကာ အထက်ပါတေးထပ်ကဲ့သို့ အဆွေးဓာတ်ထုပ်ကြီးကို ခင်းကျင်းပြသလျက် လင်းကြက်တွေ ဆော်သြော၍ တကျော်ကျော်တွန်ကြသည့်တိုင်အောင် မျက်လုံးမှာ တကြောင်ကြောင်နှင့် တောင်တောင်မြောက်မြောက် စဉ်းစားဆိုညည်းလျက် တစ်ကိုယ်တည်း အပူမိပြီး လူမသိအောင် ကျွမ်းလောင်ဆွေးမြေ့လျက် မှဲ့ခွက်ခွက်မျက်နှာဖြင့် မသက်မသာ ရှိနေသူကား မစ္စတာလျှိုက်ပင် ဖြစ်လေသတည်း။

ဗိုလ်ဝတ်ဗိုလ်စား ဘောင်းဘီကြီး ကားရားနှင့် ယောကျ်ားရင့်မာကြီးတစ်ယောက်လုံးကိုပင် ဘုံးဘုံးလဲစေ၍ ရေနစ်တာနဲ့လည်းမတူ၊ မီးပူလောင်တာနှင့်လည်း မမျှခားပြတိုက်ခံရသည်နှင့်လည်းမဆိုင်၊ ကပိုင်တောင်ပြုံးမောင်အုန်းတို့အိမ်နားက 'ဂုတ်ကျားမကြီး' အသားဆွဲလို့ သွေးရဲရဲ အသားနီလန်ပြီး အဆီပြန်သလို အခံရခက်ပုံမျိုးလည်းမဟုတ်၊ တိုတိုတုတ်တုတ်နှင့် အချုပ်ကိုရေးရမှု အပူနှင့်အဆွေး အတွင်းရေးကို အပထား၍ မျက်နှာပေးအနေအထားမှာပင်လည်း ဒေဝါလီခံရသောသူဌေး၊ ကြွေးပူသော စက်ပိုင်၊ လက်ကိုင်ပြုတ်သောဖဲသမား၊ သားသေဆဲမိခင်၊ လင်သေဆဲမုဆိုးမ၊ ခားပြရိုက်တဲ့ချစ်တီး၊ မီးလောင်တဲ့အိမ့်ရှင်၊ စက်တိုင်တက်မည့်ရာဇဝတ်သားစသည်တို့ထက် အဆပေါင်းများစွာ ပူပင်လှသော မျက်နှာထားဖြစ်ရကားညနေအေးက ကလေးအမေကို မြင်ရသည်တွင်မှ အစပြု၍ ကောက်ရသလို ရုတ်တရက်ပေါ်လာသည့် ဝက်ရူးနာမျိုးနှင့် အလားတူခံစားရသည့် ဝေဒနာမျိုးဖြစ်လေသတည်း။

မစ္စတာလျှိုက်သည် သိုက်စာကျသဖြင့် ထိုခြိသို့ လာရောက်ငှားရမ်းနေထိုင်သည်မဟုတ်။ ကိုယ်၏ပင်ပန်းခြင်းဒုက္ခ၊ စိတ်၏ဆင်းရဲခြင်းဒုက္ခများကို ခေတ္တရပ်နား၍ ခပ်အေးအေးကလေး နေလိုသော ဆန္ဒကြောင့် (Bibby Line)ကုမ္ပဏီ ပင်လယ်ကူးသင်္ဘောကြီးတစ်စင်း၌ စက်ဆရာအလုပ်မှ ခဏတစ်ဖြုတ်ဆိုသလို အခွင့်ယူကာ ထိုနေရာသို့ ဒေသစာကြွပြီး နေရာရသော ဘလွင်ပင်ဖြစ်လေတော့သတည်း။

ဘလွင်သည် အတန်တန်သော ဒုက္ခမျိုးကို အတိုးနှင့်ခံစားခဲ့ရပြီးနောက် ကပ္ပတိန်တစ်ယောက်၏ ထောက်မခြင်းဖြင့် အမေရိကန်ပြည် နယူးယောက်မြို့၌ အင်ဂျင်နီယာကျောင်းတွင် ဝင်ရောက်သင်ကြား၍ အောင်မြင်သည့်အခါ အဆိုပါသင်္ဘောမှာ စက်ဆရာရာထူးကို ချီးကျူးပေးအပ်ခြင်း ခံခဲ့ရလေ၏။

ကိုကို့အမေနှင့် မတွေ့ရမီအခါ၌ မစ္စတာလျှိုက်အဖြစ်မှာ ပျော်ရွှင်သာအသင့်အတင့် နေသာထိုင်သာရှိသော်လည်း ကိုကို့အမေကို မြင်ပြီးသည့်နောက် ဖောက်ဖောက်ပြန်ပြန်နှင့် ဟန်မလုပ်နိုင်တော့ဘဲ တုံးခနဲလဲကာ မစ္စတာလျှိုက်ဘဝသစ်မှ ဘလွင်တည်းဟူသော ဘဝဟောင်းသို့ ပြန်ပြောင်းသက်ဝင်လာပြီးလျှင် ယခင်ဝတ်၍နေသော ဘောင်းဘီများပင် ယားယံလာသကဲ့သို့ မှတ်ထင်မိလေသတည်း။

"အင်း...မြတင် မြတင် ဒင်းဟာ ဧကန္တ မြတင်ပါပဲ

www.burmeseclassic.com



အရင်ကတော့ စိုစိုပျိုပျို၊ ယခုလို ကလေးတစ်ယောက် အမေဘဝ ရောက်ပြန်တော့လည်း သေးသေးသွယ်သွယ် ယဉ်စစ။ တစ်မျိုးတစ်ဖုံ ပြုပြင်ထားသလို ကြည့်လို့လှနေ လိုက်တာ။ သစ္စာဖျက်မ မိမြတင်ရယ်။ နင်တယ်တော်ပါ ကလား။ သူဌေးကတော်ကြီးရဲ့။ နှစ်ပေါင်းအတော်ကြာ အောင် နင့်စိတ်တွေဖျောက်ဖြေပြီး မေ့မေ့ပျောက်ပျောက်ဆို သလို နေခဲ့ရသော်လည်း ယခုလိုနင့်မျက်နှာကို ပြန်ုး ခန် တွေ့ရတော့ မေ့နေတဲ့ အချစ်ဒဏ်ဟာ ရုတ်တရက်ဆူကြွပြီး ပွရပြန်ပါပကော။ ငါ့ဒုက္ခတွေ အတောမသတ်နိုင်စရာ နင့် သားကလေးကိုကိုပါ အဆစ်ပါထည့်ပြီး ချစ်စရာကလေး တစ်ခုလုပ်ပြီး အဟုတ်ကြီးခင်တွယ်နေလိုက်ရပြန်သေး တယ်။ ဟယ်...ဒုက္ခ ဒုက္ခ" စသည်ဖြင့် ညည်းတွားရင်းပင် အရထ်ကျင်း၍ အလင်းသို့ရောက်ခဲ့လေသတည်း။

ညဥ့်က မျက်လုံးတကြောင်ကြောင်နှင့် အသည်း နှလုံးကို မီးလောင်ခဲ့သဖြင့် နောက်နေ့တွင်လည်း အောက် မေ့သလိုလို၊ လွမ်းဆွတ်သလိုလို ရင်ထဲတွင် တဖိုဖိုနှင့် ငိုမလို၊ ရယ်မလို ကြီးတိကြောင်တောင်နှင့်ပင် အိပ်ရာထက် တွင် လဲလျောင်း၍ ဓာတ်ဟောင်းကို ပြန်လှန်တွေးတော ရင်း၊ ဆွေးကြေကြီးတင်းသဖြင့် မျက်လုံးတွင်းက မျက် ရည်စကို ထွက်မကျရန် အတန်တန် တားဆီး၍နေစဉ် ကိုကိုပြေးဝင်လာပြီး–

"အန်ကယ် ... အန်ကယ် ဘာဖြစ်လို့လဲ၊ နေတောင်း ဘူးလား" ဟု မေးမြန်းကာ ခုတင်ပေါ်သို့ မဗိုတမိနှင့် ကုန်း၍အားယူကာ တက်လာလေ၏။

"အန်ကယ်နေတောင်းဘူးလား။ တိုတို့နာလေး ပျောက်ပွားဘီ အန်ကယ်။ ဘာချစ်တာလဲဟင်" စသဖြင့် ထပ်မနား မေးနေသောအခါ ဘလွင်သည် ကလေးကို ကြည့်ပြီး မချိတရိပြုံးလျက် မုန်းရမှာလည်းအခက်၊ ဆက် ပြီးလည်း ချစ်မနေလို ဘာကိုမှမသိရှာသော ကလေးငယ် အားလည်းသနားနှင့် "အလကားပါကွယ်၊ အန်ကယ်နေ ကောင်းပါတယ်"

"ဒါခြင့်လာပါ၊ တိုတို့နဲ့ ကစားရအောင် ပိုက်ကီလေး စောင့်နေတယ်"

"ဟင့်အင်း ကနေ့ အန်ကယ်မကစားချင်ဘူးကွယ်။ လာ မင့်ကို စကားနည်းနည်းပြောမယ်" ဟုဆိုကာ ကိုကို့ အား ပွေ့ယူကာ အနီးသို့ကပ်ပြီးလျှင်–

"မင်း ဖေဖေ ဘယ်မှာလဲ"

"နော်တိုဘူး ဘိရပ်မှာလို့ ကျောတယ်"

"မင်း မမှတ်မိဘူးလား၊ ဘယ်တုန်းက ဘိလပ်ကို သွားသလဲ"

"နော်တိပါဘူးဆိုနေ"

"အေးလေ နို့ အိမ်မှာ မင်းဖေဖေဓာတ်ပုံမရှိဘူးလား"

"ရှိတယ် မေမေနေ့တိုင်းနေ့တိုင်း ကြည့်ကြည့်နေ တယ်"

"ဒါဖြင့ မင့်ဖေဖေဓာတ်ပုံ သွားယူပြစမ်းပါ။ ဘယ် လောက်များလှလွန်းလို့ မင်းမေမေက ကြည့်ရတာလဲ"

"အန်ကယ် ကြည့်မလား၊ နော် ပွားယူခဲ့မယ်" ဟု ဆိုကာ ကိုကိုသည် ဒိုင်းဒိုင်းဒိုင်းဒိုင်းနှင့် ပြေးဆင်းသွားပြီး တစ်ခဏကြာလျှင် ပြန်တက်လာခဲ့လေ၏။

"ရော့ အန်ကယ် မေမေလည်း ဓာတ်ပုံကြည့်နေ တယ်။ နော် အတင်းလုယူလာခဲ့တယ်" ဟု အားရပါးရ ပြောကာ ပေးလေ၏။ ဘလွင်သည် ဓာတ်ပုံကိုကြည့်ပြီး အံ့သြ၍ နေလေ၏။ အကြောင်းမူကား ထိုပုံကား မိမိပုံ ဖြစ်၏။ မြတင်နှင့်ချစ်ကြိုက်စဉ်က မိမိပေးဖူးသော ဓာတ်ပုံ ဖြစ်လေသတည်း။

"ဒီပုံဟာ မင်းဖေဖေပုံ အဟုတ်ပဲလား"

"ဟုတ်တယ် နော့ကို မေမေက ဒါမင့်ဖေဖေပုံပဲလို့ ကြောတယ်" ဘလွင်သည် ပြုံး၍ သြော် မြတင် မြတင် ငါ့ကို မမေ့သေးပါကလားဟုတွေးကာ တစ်မျိုးအားတက် မိလေ၏။ သို့နှင့်လည်း ကလေးအဖေသည်ကား မိမိ မဟုတ် ဘဦးပင်ဖြစ်မည်ဟု အတတ်သိသည့်အလား အားငယ်စွာဖြင့် မြတင် အဘယ်မျှပင် မိမိအား မမေ့သော် ငြားလည်း မိမိနှင့်မြတင်တို့စပ်ကြား၌ မဟာသမုဒ္ဒရာကြီး ခြား၍များနေလေပြီတကား။ ကိုကို၏ စကားအလာကို ထောက်သဖြင့် ယခုအခါ မြတင်တို့အိမ်၌ မြတင်၏ ယောကျ်ားမရှိ အရပ်တစ်ပါးသို့သွား၍နေဟန်လက္ခဏာ ထင်ရှား၍နေကြောင်းကို သိရလေ၏။

ထို့ကြောင့် မြတင်ကို တစ်နေ့သဠ် တွေ့ဆုံ၍ မိမိအ ပေါ်တွင် သစ္စာဖျက်သိမ်း၍ စိမ်းကားရက်စက်ပုံကို အ ကြောင်းပြန်၍ ပက်ပက်စက်စက် ရန်တွေ့ဦးမည်ဟုကြံကာ မုန်းနေသော စိတ်ထဲတွင် မြတင်က မိမိကို ယနေ့တိုင် မမေ့နိုင် သူ့ဓာတ်ပုံတကိုင်ကိုင် ငိုမလိုတမှိုင်မှိုင်စသော်သ်

www.burmeseclassic.com

www.burmeseclassic.com



ချင်းကို တစ်မဟုတ်ချင်း စပ်ဆိုဘိအလား သနားသလိုလို ရှိလာပြန်သောကြောင့် မကြည့်ချင်မြင်ချင်ရက်သာ ရေးက ပုံလိုမဟုတ်တယ် မြရယ်၊ မုန်း–ချစ်သနားဟူသော သီချင်းပမာ တစ်ခါတစ်ရံတွင် ကြာမဆန်တဲ့သဘောမျိုးနှင့် ရိုးရိုးတော့ တွေ့လိုက်ရဦးမည်ဟု တွေးတောကြံဆမိလေသတည်း။

ထို့နောက် စိတ်ပြေလက်ပျောက် ခြံတွင်းသို့လျှောက်ရန် ကိုကိုနှင့်နှစ်ယောက် ဆင်းခဲ့ကြလေ၏။

BURMESE CLASSIC .com

* * *

ဘယ်တစ်နေ့ရယ်မှ၊ ကွယ်မမေ့ပါတဲ့ မယ့်ဖြစ်ပုံ၊ လူကြုံလျှင် လွှာပုံသချင်ရဲ့ မောင်စံရာ ဘယ်ဌာနမှာလို့ ပြောပအစုံ၊ ရွှေအမွှံ မာန်ဟုန်တွေက သူထန်ပြင်း၊ ငွေ့ငွေ့ငယ်ဆု၊ မေ့အပု ကူကညှင်းရှေ့သလား။ အကြောင်းခံ တောင်းပန်လို့လင်းရတယ်၊ တင်းမာန်လျှော့ကောင်း။

ကိုးခွင်သော ရပ်ဌာနတွင် တိမ်နဘန်အုပ်ဆိုင်း၍ အုံ့မှိုင်းမှောင်ပြာလျက် အာကာတိမ်နန်းဝယ် လျှပ်ပန်းတွေကစား၍ အားကြီးအင်ကြီး ဖိဖိစီးစီး မိုးကြီးရွာသွန်းပြီးနောက် သစ်ပင်ကြီး၊ သစ်ကိုင်းကြီး ဝေဝေဆာဆာ ဉယျာဉ်ပန်းမန်နှင့်တကွ သာသာယာယာ ညို့ညို့ဆိုင်းဆိုင်း အုံ့မှိုင်းဝေဆာသည့် ခြံကြီးအလယ်တွင် လေပြေသိမ်း၍ နွဲ့ယိမ်းယိုင်နွဲ့ သစ်ကိုင်းသစ်ရွက်သံတွေက တရှဲရှဲ မိုးသေးကလေးက တဖွဲဖွဲ ကျေးငှက်သံကလေးများက တချွဲချွဲ။ နားထဲတွင် စိမ့်၍သွားလောက်အောင် သာယာကြည်လင်၍ တစ်ချက်တစ်ချက် ငိုသံပါကလေး ဝင်လာအောင် အထက်ပါ လေးဆစ်ကလေးကို အတွေးနှင့်နှစ်နှစ်ကာကာ သီဆိုလျက် တီးကွက်လှလှ၊ စည်းချက်ကျကျနှင့် တရွရွနှိပ်လိုက်သော ပီယာနိုအသံတို့မှာ အိမ်အောက်ထပ်ခန်းတွင်ထိုင်ကာ စောင့်စားနေသည့် ကိုဧည့်သည်အား စိတ်နှလုံးကို တုန်လှုပ်ချောက်ချား၍ အသည်းနှလုံးတွေ တစ်ပြုံလုံးကိုလည်း ဆွဲကိုင်ဖျစ်ညှစ်ထားသလို များစွာ အနေခက်၊ အခံခက်၊ အသက်ရှူမမှန် မျက်ဖြူလန်၍ နေစေလေတော့သတည်း။

"မမ အောက်မှာ ဧည့်သည်တစ်ယောက် လာနေတယ်"

"ဘယ်ကလည်း ညည်းမသိဘူးလား"

"မသိဘူးမမ၊ ဟောဒီကတ်ကလေးပေးလိုက်တာပဲ"

ကိုကို့အမေခေါ် မြတင်သည် 'ကတ်'ကလေးကို ဖတ်ကြည့်လိုက်လျှင် 'ဘလွင်–အင်ဂျင်နီယာ' ဟု တွေ့ရသည်နှင့်တစ်ပြိုင်နက် အသက်ဝင်လာသည့်ပမာ ကပျာကယာ မှန်တင်ခုံရှေ့သို့ပြေးပြီး နဖူးဆံရင်ကလေးချ၊ မှုန်နံ့သာကို ထုံ့စွာသလျက် သော်ကခက်ကလေး ဆံထုံးဘေးတွင်ထိုး၊ နှင်းဆီရိုးကလေးနှင့် မျက်ခုံးဆွဲ၊ ပိုးညွန့်အင်္ကျီကလေးကို အလျင်အမြန်လဲ။ အင်မတန်လည်း ကြာမည်စိုးသဖြင့် အပြာထဘီကို ကပျာကသီဝတ်ပြီး ကျွတ်ကျတော့မလိုနေသော စိန်တစ်လုံးနားကပ်ကို အသာလှည့်ရင်းကန္တဲ့ကလျနှင့် အောက်ကိုဆင်းခဲ့လျှင် ပက်ပင်းပါတွေ့ရသော ငယ်ချစ်ဟောင်းဘလွင်၏ ဟဒယမရွှင်သော မျက်နှာထားနှင့် ရိုးသားစွာ "သူဌေးကတော် မာပါရဲ့လားခင်ဗျာ၊ ကျွန်တော် မတွေ့ရတာကြာလို့..."

ဘလွင်၏ မျက်နှာထားနှင့် စကားကိုကြားရလျှင် မြတင်သည် ရတ်တရက်သော် အံ့သြဝမ်းနည်း၍သွားပြီးမှ တစ်ဖန် တစ်စုံတစ်ခုကို သတိရသည့်အလား မျက်နှာထားပြုံးရွှင်ကြည်လင်၍ လာပြီးလျှင် "အို ကိုကိုလွင် ရှင် ဘယ်ကလာလို့ ဘယ်ကိုရောက်နေသလဲ၊ ပျောက်နေတယ်လို့ကြားရလို့ မြတို့ဖြင့်..."

ဝမ်းနည်းသည့်မျက်နှာဖြင့် "သြော် မြတို့ဖြင့် ပျော်ပျော်ရွှင်ရွှင်နှင့် အင်မတန်စိတ်ချမ်းသာကြမှာပဲနော်"

"ဟုတ်ကဲ့ ကိုကိုလွင် မချစ်လို့ပစ်သွားလေတော့ အလိုက်အထိုက် စိတ်ကိုဖြေပြီးနေနိုင်အောင် နေမဟဲ့လို့ ကြိုးစားရတော့တာပေါ့ရှင်"

"ဦးရင်ပြီးရောဆိုတဲ့ စကားအတိုင်း ပြောအားရှိပေတာပေါ့ သူဌေးကတော်။ ကျွန်တော့်ကိုမုန်းပြီး ဖြန်းခနဲဖြတ်စာပေးလိုက်ကတည်းက အကြီးအကျယ်စိတ်ရှုးပေါက်ပြီး ထင်ရာလျှောက်ပြေးရတာပါ"

"အလို ဘယ်သူက ဖြတ်စာပေးသလဲ။ မြတို့လည်း အကျိုးအကြောင်း မသိရပါကလား" ဟု အံ့သြစွာပြောသဖြင့် ဘလွင်သည် ဒေါ်ကြင်လာ၍ပေးသော ဟောင်းနွမ်းနေသည့် စာကလေးများကို ထုတ်၍ပြလေ၏။

"ဟင်း ဒီဟာ မြမရေးရပါကလား။ မြရေးလိုက်တဲ့ စာက ဘဦးနှင့်လက်ထပ်ဖို့ ကြော်ငြာသော်လည်း ဘာမှ မစိုးရိမ်ဖို့ အကြံဉာဏ်ပေးတဲ့စာပါ။ ဒီစာဟာ ဒေါ်ကြင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတို့ ဆင်တဲ့ဉာဏ်ပဲ"

"ဘယ်သူ့ဉာဏ်ပဲဖြစ်ဖြစ် စိတ်သာမှုလပါ သူဌေးကတော်ရယ်။ ခုလိုအခါကျမှ ဒီစကားတွေပြောသော်လည်း အကျိုးမရှိပါဘူး။ ကျွန်တော့်မှာလည်း ဒီစကားမျိုးပြောတဲ့အတွက် အပြစ်မကင်းသဖြင့် နောက်ဆက်မပြောပါရစေနဲ့တော့။ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာတွေ့ရတာ ဝမ်းသာလှပါပြီ သူဌေးကတော်"

"ရှင် ကျွန်မကို သူဌေးကတော်၊ သူဌေးကတော်နဲ့ မခေါ်နဲ့နော်"

"ဂုဏ်အလျောက် ခေါ်ရခြင်းဖြစ်ပါတယ်ခင်ဗျာ၊ သူဌေးကတော် မကြိုက်ဘူးဆိုရင်လည်း နောက်မခေါ်..."

"ကြည့်စမ်း ကိုကိုလွင်နော်၊ မခေါ်နဲ့ဆိုရင် မခေါ်နဲ့ရှင်။ မြ သူဌေးကတော်လည်း မဟုတ်ဘူး။ ဘာကတော်မှ မဟုတ်ဘူး" ဟု ဆောင့်အောင့်ကာ ပြောလေ၏။

"ကျွန်တော့်ကို ကွယ်နေစရာမလိုပါဘူးခင်ဗျာ၊ နို့ကလေးအဖေကော ဘယ်..."

"အို တယ်ခက်ပါကလား၊ မြ အပျိုပါရှင်။ လင်လည်းမရှိ၊ သားလည်းမရှိပါဘူး"

ရယ်မောလျက် "ကျွန်တော် မမြတင်ရဲ့သားကလေး ကိုကိုနဲ့ သိနေတာ ကြာပါပြီ"

"ဩ... မြရဲ့အစ်မကမွေးတဲ့ တူကလေးရှင့်၊ အဖေ–အမေ ငယ်ငယ်ကသေဆုံးလို့ မြကိုပဲ အမေထင်နေတယ်။ မြလည်း သနားလို့ အမေလို့ပြောထားတယ်"

ဘလွင်၏မျက်လုံးသည် ဝင်းထိန်၍လာလေ၏။ ပါးဖောင်က ရှေ့သွားလည်း ဝင်းခနဲပေါ်လာလေ၏။ စိတ်တွင်ကား အိုင်ယာလန်ထိ ပထမပေါက်သော သံကြိုးရသလို တဖိုဖိုနှင့် ခုန်ဆွခုန်ဆွဖြစ်၍ သွားလေ၏။

"ထိုအခါကျမှ မြတင်သည် နှုတ်ခမ်းကိုစူကာ ငိုတော့မည့်ပုံပမာဖြင့် "သူများကတော့ နေရာတကျရှိပါစေတော့လို့ မမရင်နဲ့တိုင်ပင်ပြီး ကြံလိုက်ရတာ။ ပြီးတော့ သူက ဘယ်ထွက်သွားလိုက်မှန်း မသိဘူး"

ဘလွင်သည် မချိုမချဉ်မျက်နှာနှင့်မြတင်၏ဆိုဟာသို့ ပြောင်းရွှေ့ထိုင်ပြီး "ပြောစမ်းပါဦး မြရယ်၊ မင်း ဘယ်ပုံခြယ်လှယ်ခဲ့သလဲ၊ လွန်တဲ့ရက်တွေ ကိုယ့်အပြစ်ပဲ ဆိုပါတော့"

"ဟင်း ခုမှ ကိုယ့်အပြစ်ပါကိုး။ နားထောင်ပါ၊ ပြောပါမယ်။ မြအစ်မကြီး မမြရင်ဟာ မြကို အင်မတန်ချစ်တယ်၊ မြ ကိုကိုနဲ့ကွဲပြီး ဘဦးကိုလက်ထပ်ရမယ်ဆိုတော့ တစ်နေ့တစ်နေ့ ငိုငိုပြီးနေတဲ့ပြင် သူ့ကိုယူရရင် မြကိုယ်ကို မြ သတ်သေမယ်လို့ ကြံနေတာကို မမရင် သိတယ်။ ဒီတော့ ညီမလေးကို သနားပြီး ဖေဖေတို့ စကားလည်း နားမထောင်ရာ မကျအောင် ညီမလေးအလိုလည်းပြည့်အောင် သူက ဘဦးကို အရုပ်ဆိုးကြီးဖြစ်လို့ သိပ်မုန်းနေတာဖြစ်သော်လည်း လက်ထပ်ဖို့ပွဲထုတ်တော့ ခေါင်းကိုဓားအုပ်ပြီး မမရင်က ညီမလေးလုပ် ထွက်မယ်လို့ အကြံပေးပြီး စိတ်အေးအောင် မြကို ထားတယ်။ မြနဲ့မမရင်ဟာ နှနှစ်သာကွာတယ် ရုပ်ရည်အလုံးအဖန်လည်းတူလို့ သူတို့မသိကြဘူး၊ လက်ထပ်ပြီးမှ မြတို့က ဖွင့်ပြောလို့သိတယ်။ မမရင်ဟာ မြကိုသနားပြီး အသက်ကို ကယ်ဆယ်လိုတာနဲ့ ဘဦးကို မချစ်ဘဲနဲ့ ယူရပြီး ကိုကိုလေးကို မျက်နှာမြင်လို့ မီးတွင်းမှာ ဆုံးရှာတယ်။ သူ့ဆုံးပြီးလို့ ဘာမှမကြာသေးဘူး၊ ဘဦးဟာ အရက်တွေ ခါတိုင်းထက်သိပ်သောက်ပြီး ကားတစ်စီးနဲ့ ဟိုလျှောက်လည်၊ ဒီလျှောက်လည် ညဥ့်နက်သန်းခေါင်မှ ပြန်ပြန်လာလေ့ရှိတယ်။ မြဖေဖေကလည်း မမရင်ဆုံးလို့ စိတ်မကောင်းဖြစ်နေတဲ့အခါ ဘဦးက သွေးဆောင်လို့ မြင်းတွေဘာတွေလောင်း၊ ကလပ်တွေတက်နဲ့ နေလိုက်တာ တစ်နေ့တော့ ဖေဖေနဲ့ ဘဦးဟာ ကလပ်ကပြန်လာကြတော့ ဘဦးဟာ လူမှန်းမသိအောင် အရက်တွေမူးလာတာနဲ့ သူ့ကားသူနိုင်အောင် မမောင်းနိုင်ဘဲ အင်္ဂလိပ်သချိုင်းနားမှာ ဘတ်စ်ကားတစ်စီးနဲ့ အတင်းဝင်တိုက်လိုက်တာ ဘဦးတော့ ပွဲချင်းပြီး သေသွားတယ်။ ဖေဖေတော့ ဆေးရုံမှာ နှစ်ရက်သုံးရက်နေမှ ဆုံးတယ်။ ဒီကတည်းက မြတစ်ယောက်တည်း ဒီကလေး အုပ်ချုပ်ပြီး လူကြီးလုပ်နေရတာပဲ။ မမရင်ဟာ မြအတွက်နဲ့ သေတာပဲလို့မြင်တယ်။ ဒါကြောင့် သူ့သားကလေးကို မြသားကလေးပဲလို့ အမြဲသဘောထားပြီး ချစ်နေရတော့တာပဲ" ဟု ဇာတ်ရင်းကို ပြန်ပြောသည်တွင်မှ ဘလွင်မှာ "ဟင်း"ခနဲနေအောင် အသက်ရှူပြီး "နို့ ဒီကလူ့ရဲ့အပူဇာတ်ကလေးများလည်း တစ်ဆိတ်လောက် နားဆင်တော်မူပါ။ ကြားချင်တော်မူပါစ ကိုကို့အမေခင်ဗျား"

"ရှင်က ဘာလဲ ပြောင်ပြောင်ပျက်ပျက်နှင့်။ ကဲ ကိုကိုလွင့်ဇာတ်ကွက်ကို ခပ်သွက်သွက်ပြောစမ်းပါဦး" ဟု ဆိုသဖြင့် ဘလွင်လည်း ဒေါကြင်စာလာပေးသည်မှပြီး

www.burmeseclassic.com



သဘော်ာတွင်ပါသွားပုံ၊ ဒုက္ခအမျိုးမျိုး ရောက်ခဲ့ရပုံမှစ၍ နောက်ဆုံး ကိုကိုနှင့်တွေ့ပြီး တစ်နေ့တော့ မြတင်ကို မြင်ရပုံစသည်များကို ပြန်လှန်ပြောကြားနေစဉ် ကိုကိုဝင်လာပြီးလျှင် ဘာမှမပြော အလျှင်စလို ပြန်ထွက်သွားပြီး လက်က ခါတ်ပုံကလေးကို ယူလာကာ ဘလွင်အနီးမှာရပ်လျက် ခါတ်ပုံတစ်လှည့်၊ ဘလွင်၏မျက်နှာကိုတစ်လှည့် ကြည့်နေပြီးနောက် ဝမ်းမြောက်ဝမ်းသာနှင့် ကပျာကယာ ဘလွင်ကိုဖက်ပြီး "ဖေဖေ ဖေဖေ ဒါ နော့ဖေဖေနော်" ဟုပြောကာ ပေါင်ပေါ်ကို အားယူကာ တက်လေ၏။ ဘလွင်နှင့် မြတင်တို့လည်း အစကပင် ကလေး၏ထူးခြားသောအမူအရာ၊ ဆိတ်ငြိမ်စွာ ကြည့်နေကြပြီးနောက် ဟက်ဟက်ပက်ပက်ရယ်မောကာ ဘလွင်က–

"အေး ဟုတ်တယ်၊ ဟုတ်တယ် ဖေဖေ့သားကြီး။ မင့်မေမေနဲ့ ဖေဖေမွေးတဲ့သားကြီး" ဟု ပြောရင်း ကိုကို့အားပွေ့ကာ နမ်းရှုပ်လိုက်ရာ မြတင်သည် ဘလွင်အား ရွှဲခပ်ကောင်းကောင်းနှင့် ကြာတစ်ချောင်းခုတ်ပြီး အမူလုပ်၍ သွားလေ၏။

ကိုကိုသည် ဘလွင်လက်ပေါ်မှတစ်ဖန် အတင်းရုန်းကန်၍ ဆင်းပြန်လေ၏။ "ငါ့သား ဖေဖေ့အပေါ် ငြိမ်ငြိမ်နေစမ်းပါ၊ ဘယ်သွားဦးမလို့လဲ"

"နေဦး ဖေဖေ၊ နော့အန်ကယ်ဆီ ပြွားမလို့။ အန်ကယ်က ဖေဖေ့ကို ခဏခဏမေးမေးနေတယ်။ နော့အန်ကယ် ပြွားခေါ်မလို့" ဟုဆိုသဖြင့် "ကဲ ဒါဖြင့်နေဦး၊ ဖေဖေပါ မင့်အန်ကယ်ဆီလိုက်ခဲ့မယ်" ဟုပြုံးရွှင်ကာ ပြောပြီး ထွက်သွားကြလေရာ တစ်ခဏမျှကြာလျှင် မစ္စတာလွိုက်သည် ကိုကို့အား ပွေ့ချီကာ ရောက်လာပြီးလျှင် မြတင်အနားတွင် ထိုင်လိုက်ရာ ကိုကိုက မြတင်ဆီ ကပျာကယာပြေးပြီး "မေမေ ဖေဖေကလည်း အန်ကယ်၊ အန်ကယ်ကလည်း ဖေဖေ နော်နော်" အားရပါးရ ရယ်မောကာပြောရင်း ပါးစပ်တွင်းသို့ ချော့ကလက်တွေနှင်း၍ သိပ်လိုက်လေသတည်း။

❖

အမှတ်–၁၄၅၊ ၁၉၃၂၊ ဇက်တင်ဘာ၊ ဒဂုန်မဂ္ဂဇင်း